အကြင်သူ၌ သစ္စာသမာဓိမရှိ၊ ထိုသူ၌ အီမာန်ယုံကြည်ခြင်းမရှိပေ။ အကြင်သူသည် ကတိကို စောင့်သိခြင်းမရှိ။ ထိုသူ၌ဒီန်သာသနာ မရှိပေ။

အနတ်စ် ဗင်န် မာလစ်က် (ရဿွိယလ္လာဟုအန်ဟု) ဆင့်ပြန်သည်မှာ၊ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ကျွန်တော်တို့အား
ဟောပြောမိန့်ကြားသည့်အခါတိုင်း၌ ဤသို့ မိန့်တော်မူသည်- "အကြင်သူ၌
သစ္စာသမာဓိမရှိ၊ ထိုသူ၌ အီမာန်ယုံကြည်ခြင်း မရှိပေ။ အကြင်သူသည် ကတိကို
စောင့်သိခြင်းမရှိ။ ထိုသူ၌ ဒီန်သာသနာ မရှိပေ။"
[حسن لغيره] [رواه أحمد]

အနတ်စ် ဗင်န် မာလစ်က် (ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်တင်ပြခဲ့သည်- “တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ကျွန်ုပ်တို့အား ဟောပြောတိုင်း၊သွန်သင်ဆုံးမတိုင်း ဤအချက်နှစ်ရပ်ကို သတိပေးတော်မူသည်” ၁။ မည်သူမဆို အခြားသူ၏ ဥစ္စာ၊အသက် သို့မဟုတ် မိသားစုဝင်များနှင့် စပ်လျဉ်း၍ သစ္စာဖောက်ပါက၊ ထိုသူ၏ အီမာန်သည်ပြည့်စုံမည် မဟုတ်။ ၂။ မည်သူမဆို ပဋိညာဉ်နှင့် ကတိသစ္စာများကို ချိုးဖျက်ပြီးသစ္စာဖောက်ပါက၊ထိုသူ၏ဒီန်သာသနာသည်ပြည့်စုံမည်မဟုတ်။

http://sunnah.global/hadeeth/my/show/66251